## Management Discussion and Analysis of

## TMH Telecom Public Company Limited for the Year ended 31st March,2024

The following Management Discussion and Analysis ("MD&A") is based on the financial Statements of TMH Telecom Public Company Limited for the year ended on 31st March 2024, FY 2023-24 and should be read in conjunction with those Financial Statements.

All currency amounts in the MD&A are expressed in Myanmar Kyats unless otherwise specified.

**Results Summary**

**Summary of Income Statement (All amount in MMK'000)**

| | April '2023 to March'2024 | April '2022 to March'2023 | % change |
|---|---|---|---|
| Revenue | 7,251,442 | 4,297,880 | **69%** |
| Cost of Goods Sold | (5,137,399) | (2,281,601) | **125%** |
| **Gross Profit** | 2,114,043 | 2,016,279 | **5%** |
| Other Income | 320,727 | 362,020 | **-11%** |
| Expenses | (2,306,196) | (2,284,203) | **1%** |
| Share of profit of Associates and JVs | 76,815 | 92,029 | **-17%** |
| **Profit before Tax** | **205,389** | **186,125** | **10%** |
| Tax Expense | (21,858) | (15,996) | **37%** |
| **Net Profit after Tax** | **183,531** | **170,129** | **8%** |
| **Other Comprehensive Income for the Year** | - | - | |
| Fair value adjustment of Investments | 9,240 | (1,155) | |
| **Total Comprehensive Income for the Year** | **192,771** | **168,974** | **14%** |
| **Earning Per Share (Basic EPS)** | **14** | **13** | **8%** |

The company's revenue for the fiscal year ended on March 31, 2024, was 7.25 billion Kyats, which represents 69% increase compared to the previous fiscal year (2022-23) ending on March 31, 2023.

As the revenue increased, the cost of goods sold also increased by 125% in this fiscal year, from MMK 2.28 billion in FY 2022-23 to MMK 5.14 billion in FY 2023-24, due to increasing of the raw material cost and exchange rate.

The company's gross profit was 2.02 billion Kyats in the previous fiscal year (2022-2023) and has increased to 2.11 billion Kyats in the current fiscal year. Regarding to other mobile projects, the company's other income for this fiscal year was MMK 0.32 billion.

According to the Myanmar GT broadband company's unaudited financial statement, the share of profit of Associates was MMK 0.08 billion in FY 2023-24.

Compared to the net profit earned 0.17 billion Kyats in the previous fiscal year, the net profit for the current fiscal year (2023-2024) has increased to 0.18 billion Kyats.

In determining the value of investments, the company has re-evaluated the shares purchased from First Myanmar Investment Co., Ltd (FMI) according to Myanmar Accounting Standards. The re-evaluation is based on the market price of the shares as reflected in the stock market at the time of the financial year-end on 31st March 2024.

Earnings per share in this fiscal year (2023-24) has increased from 13 kyats to 14 kyats compared to the previous fiscal year (2022-23).

**Summary of Balance Sheet (All amount in MMK'000)**

| | March 31,2024 Ks'000 | March 31,2023 Ks'000 | % Change |
|---|---|---|---|
| **Assets** | | | |
| Non-Current Assets | 2,570,580 | 2,452,576 | 5% |
| Current Assets | 12,810,946 | 14,514,090 | -12% |
| **Total Assets** | **15,381,526** | **16,966,666** | -9% |
| **Equity & Liabilities** | | | |
| Equity | 14,121,775 | 13,914,409 | 1% |
| Current Liabilities | 1,259,752 | 3,052,258 | -59% |
| **Total Equity & Liabilities** | **15,381,526** | **16,966,666** | -9% |

The company's current assets was amounted to MMK 12.81 billion in this fiscal year (2023-24), which is a decrease of 12% compared to the previous fiscal year (2022-23). This decline is due to the decrease in the advance payment paid to the subcontractors, which amounts are recognized as project expenses after the completion of projects and due process. The non-current assets increased by 5% in FY 2023-24, this was mainly due to the share of profit of the associate company.

The company's current liabilities decreased from MMK 3.05 billion in FY (2022-23) to MMK 1.26 billion in FY (2023-24). This decrease is due to the advance payments received from customers being recorded as revenue upon the completion of the projects and due process.

**Review and Going Forward**

The management of the company would like to report that according to the results of this fiscal year (2023-2024), the revenue increased 69%, and the net profit also increased 8% compared to the previous fiscal year (2022-2023).

This is the result that the management of the company try to explore new market opportunities, mitigated the risks across the company and working closely with the operation team members.

In the future, the management team will keep monitoring the business environment and try to achieve more opportunities to get better outcomes in coming fiscal year.

By Order of the Board,

Thiha Lwin

Managing Director

28th June, 2024.

# TMH Telecom Public Company Limited ၏ ၂၀၂၄ ခုနှစ် မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် (၂၀၂၃-၂၄) ခုနှစ် ဘဏ္ဍာနှစ်အပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်ကို ထုတ်ပြန်ကြေငြာခြင်း

အောက်ဖော်ပြပါ သုံးသပ်ချက်များသည် TMH Telecom Public Company Limited ၏ ၂၀၂၄ ခုနှစ်၊ မတ်လ(၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် (၂၀၂၃-၂၄) ဘဏ္ဍာနှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို အခြေခံထားသော သုံးသပ် ထုတ်ပြန်ချက် ဖြစ်သဖြင့် ထိုဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူ ယှဉ်တွဲ၍ ဖတ်ရှုနိုင်ပါသည်။

ငွေကြေးဖော်ပြချက်အားလုံးကို မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

**အနှစ်ချုပ်တင်ပြချက်များ**

**ကုမ္ပဏီ၏ ဝင်ငွေရှင်းတမ်း အကျဉ်းချုပ်ဖော်ပြချက်(ကျပ်ထောင်ပေါင်း)**

| | ဧပြီလ ၂၀၂၃ မှ မတ်လ ၂၀၂၄ | ဧပြီလ ၂၀၂၂ မှ မတ်လ ၂၀၂၃ | ပြောင်းလဲမှု % |
|---|---|---|---|
| ဝင်ငွေ | ၇,၂၅၁,၄၄၂ | ၄,၂၉၇,၈၈၀ | ၆၉% |
| ရောင်းကုန်တန်ဖိုး | (၅,၁၃၇,၃၉၉) | (၂,၂၈၁,၆၀၁) | ၁၂၅% |
| **အကြမ်းအမြတ်** | **၂,၁၁၄,၀၄၃** | **၂,၀၁၆,၂၇၉** | **၅%** |
| အခြားရငွေ | ၃၂၀,၇၂၇ | ၃၆၂,၀၂၀ | -၁၁% |
| အသုံးစရိတ်များ | (၂,၃၀၆,၁၉၆) | (၂,၂၈၄,၂၀၃) | ၁% |
| အစုစပ်ကုမ္ပဏီမှ (အရှုံး)/အမြတ် | ၇၆,၈၁၅ | ၉၂,၀၂၉ | -၁၇% |
| **အခွန်မလျာမီ အသားတင် (အရှုံး)/အမြတ်** | **၂၀၅,၃၈၉** | **၁၈၆,၁၂၅** | **၁၀%** |
| ဝင်ငွေခွန် | (၂၁,၈၅၈) | (၁၅,၉၉၆) | ၃၇% |
| **အခွန်လျာပြီး အသားတင် (အရှုံး)/အမြတ်** | **၁၈၃,၅၃၁** | **၁၇၀,၁၂၉** | **၈%** |
| အခြားဝင်ငွေအလုံးစုံ | | | |
| ရင်းနှီးမြှုပ်နှံမှုအတွက် ကာလပေါက်ဈေး ညှိနှိုင်းခြင်း | ၉,၂၄၀ | (၁,၁၅၅) | |
| **စုစုပေါင်းဝင်ငွေအလုံးစုံပါဝသော (အရှုံး)/အမြတ်** | **၁၉၂,၇၇၁** | **၁၆၈,၉၇၄** | **၁၄%** |
| **ရှယ်ယာတစ်စုဝင်ငွေ (ကျပ်)** | **၁၄** | **၁၃** | **၈%** |

**Address : No.18/A, Koh Min Koh Chin Road, Bahan Township, Yangon**
**Phone : +951 552100,552101**
**Website: www.tmhtelecom.com**

ယခု(၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ၏ဝင်ငွေသည် ကျပ်ငွေ (၇.၂၅)ဘီလီယံရရှိခဲ့ပြီး၊ ယခင်ဘဏ္ဍာနှစ် (၂၀၂၂-၂၀၂၃)မှ ရရှိသည့် ကျပ်ငွေ (၄.၂၉)ဘီလီယံနှင့် နှိုင်းယှဉ်ပါက (၆၉) ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရှိရပါသည်။

ကုန်ကြမ်းတန်ဖိုးများ မြင့်တက်လာခြင်းနှင့် ငွေကြေးလဲလှယ်နှုန်းအပြောင်းအလဲကြောင့် ရောင်းကုန်တန်ဖိုးသည် ယခင်(၂၀၂၂-၂၃)ဘဏ္ဍာနှစ်တွင် ကျပ်ငွေ(၂.၂၈)ဘီလီယံသာ ရှိခဲ့ရာမှ ယခုနှစ်တွင် ကျပ်ငွေ(၅.၁၄)ဘီလီယံအထိ တိုးမြင့်လာခဲ့သည်။

ကုမ္ပဏီ၏ အကြမ်းအမြတ်သည် (၂၀၂၂-၂၃)ဘဏ္ဍာနှစ်တွင် ကျပ်ငွေ(၂.၀၂)ဘီလီယံ ရရှိခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ကျပ်ငွေ(၂.၁၁)ဘီလီယံသို့ တိုးတက်လာခဲ့ပါသည်။ မိုဘိုင်းစီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိလာသော ကုမ္ပဏီ၏အခြားဝင်ငွေသည် ယခုဘဏ္ဍာနှစ်တွင် ကျပ်ငွေ(၀.၃၂)ဘီလီယံထိ ရရှိခဲ့ပါသည်။

ကုမ္ပဏီ၏ အစုစပ်ကုမ္ပဏီတခုဖြစ်သည့် Myanmar GT Broadband Co., Ltd ၏ ပြင်ပစာရင်းစစ်မှ စီစစ်ထားခြင်း မရှိသေးသည့် (၂၀၂၃-၂၄) ဘဏ္ဍာနှစ်အတွက် ခွဲဝေအမြတ်ငွေ (၀.၀၈) ဘီလီယံ ရရှိခဲ့ပါသည်။

ကုမ္ပဏီသည် ယခင်ဘဏ္ဍာနှစ်တွင် အမြတ်ကျပ်ငွေ (၀.၁၇) ဘီလီယံသာရရှိခဲ့သော်လည်း ယခု (၂၀၂၃-၂၄) ဘဏ္ဍာနှစ်တွင် အမြတ် ကျပ်ငွေ (၀.၁၈) ဘီလီယံအထိ တိုးမြင့်လာခဲ့ပြီး အခွန်လျာထားပြီး အသားတင်အမြတ်ရရှိငွေသည် (၈)ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကို သတ်မှတ်ရာတွင် ကုမ္ပဏီ၏ First Myanmar investment Co., Ltd (FMI)မှ ဝယ်ယူထားသော အစုရှယ်ယာများကို မြန်မာနိုင်ငံစာရင်းကိုင်စံသတ်မှတ်ချက်များကိုလိုက်နာပြီး ရပိုင်ခွင့်များကို ယခုဘဏ္ဍာနှစ် စာရင်းပိတ်ချိန်ရှိ အစုရှယ်ယာဈေးကွက်တွင် ဖော်ပြထားသည့် ဈေးနှုန်းနှင့်အညီ တန်ဖိုးပြန်လည် သတ်မှတ်ထားခြင်း ဖြစ်ပါသည်။

ရှယ်ယာတစ်စု၏ဝင်ငွေသည် ယခင်(၂၀၂၂-၂၃)ဘဏ္ဍာနှစ်တွင် (၁၃)ကျပ် ရရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ်(၂၀၂၃-၂၄) တွင် (၁၄)ကျပ် ရရှိခဲ့ပါသည်။

**ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း အကျဉ်းချုပ်ဖော်ပြချက်(ကျပ်ထောင်ပေါင်း)**

| | ဧပြီလ ၂၀၂၃ မှ မတ်လ ၂၀၂၄ | ဧပြီလ ၂၀၂၂ မှ မတ်လ ၂၀၂၃ | ပြောင်းလဲမှု % |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ | ၂,၅၇၀,၅၈၀ | ၂,၄၅၂,၅၇၆ | ၅% |
| လက်ငင်းရပိုင်ခွင့်များ | ၁၂,၈၁၀,၉၄၆ | ၁၄,၅၁၄,၀၉၀ | -၁၂% |
| **စုစုပေါင်း ရပိုင်ခွင့်များ** | **၁၅,၃၈၁,၅၂၆** | **၁၆,၉၆၆,၆၆၆** | **-၉%** |
| **ရင်းနှီးငွေနှင့်ပေးရန်တာဝန်များ** | | | |
| ရင်းနှီးငွေ | ၁၄,၁၂၁,၇၇၅ | ၁၃,၉၁၄,၄၀၉ | ၁% |
| လက်ငင်းပေးရန်တာဝန်များ | ၁,၂၅၉,၇၅၂ | ၃,၀၅၂,၂၅၈ | -၅၉% |
| **စုစုပေါင်းရင်းနှီးငွေနှင့်ပေးရန်တာဝန်များ** | **၁၅,၃၈၁,၅၂၆** | **၁၆,၉၆၆,၆၆၆** | **-၉%** |

လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများနှင့် ပတ်သတ်၍ ကန်ထရိုက်တာများထံသို့ ကြိုတင်ပေးချေထားသော ငွေများသည် စီမံကိန်းများ ပြီးစီးသည့်အချိန်တွင် စရိတ်အဖြစ်သို့ ပြောင်းလဲပြီး စာရင်းရေးသွင်းရခြင်းကြောင့် ကုမ္ပဏီ၏ လက်ငင်းရပိုင်ခွင့်များသည် ယခု (၂၀၂၃-၂၄)ဘဏ္ဍာနှစ်တွင် ကျပ်ငွေ(၁၂.၈၁)ဘီလီယံသာ ရှိခဲ့ပြီး ယခင် (၂၀၂၂-၂၃) ဘဏ္ဍာနှစ်ထက် (၁၂)ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ အစုစပ်ကုမ္ပဏီ၏ အမြတ်ခွဲဝေမှုကြောင့် လက်ငင်းမဟုတ်သော ရပိုင်ခွင့်သည် ယခုဘဏ္ဍာနှစ် (၂၀၂၃-၂၄)တွင် ယခင်ဘဏ္ဍာနှစ်ထက် (၅)ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။

စီမံကိန်းများ ပြီးစီးသည့်အချိန်တွင် ဝင်ငွေအဖြစ်သို့ ပြောင်းလဲစာရင်းရေးသွင်းခဲ့ရခြင်းကြောင့် ကုမ္ပဏီ၏ လက်ငင်းပေးရန်တာဝန်များသည် ယခင်(၂၀၂၂-၂၃) ဘဏ္ဍာနှစ်တွင် ကျပ်ငွေ(၃.၀၅ )ဘီလီယံရှိရာမှ ယခု(၂၀၂၃-၂၄) ဘဏ္ဍာနှစ်တွင် ကျပ်ငွေ (၁.၂၆) ဘီလီယံသို့ လျော့နည်းသွားပါသည်။

**သုံးသပ်ချက်နှင့်အလားအလာ**

တီအမ်အိတ်ချ် တယ်လီကွမ်း အများနှင့် သက်ဆိုင်သော ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် တင်ပြလိုသည်မှာ ကုမ္ပဏီသည် ယခင် (၂၀၂၂-၂၀၂၃) ဘဏ္ဍာနှစ်နှင် နှိုင်းယှဉ်ပါက (၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ်တွင် ဝင်ငွေ ၆၉ ရာခိုင်နှုန်း တိုးလာခြင်း၊ အခွန်လျာထားပြီး အသားတင်အမြတ်ငွေသည် (၈)ရာခိုင်နှုန်းတိုးလာခြင်း ကို တွေ့ရှိရပါသည်။

ကျွန်ုပ်တို့သည် ရလဒ်ကောင်းများ ရရှိစေရန်အတွက် စျေးကွက်သစ်များချဲ့ထွင်ခြင်း၊ ဆုံးရှုံးနိုင်ချေများကို စောင့်ကြည့်လေ့လာခြင်း နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ကိစ္စရပ်များတွင် တာဝန်ရှိသူများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ထို့ကြောင့်ပင် ယခင်ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်ပါက ယခု ဘဏ္ဍာနှစ်တွင် ပိုမိုကောင်းမွန်သော ရလဒ်ကောင်းများ ကိုရရှိခဲ့ပါသည်။

ကုမ္ပဏီ၏ စီမံခန့်ခွဲမှု အဖွဲ့အနေဖြင့် ကျွန်ုပ်တို့သည် စီးပွားရေးရပ်ဝန်းကို စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုခြင်း၊ အခြားသော စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ ပိုမိုရရှိစေရန် ကြိုးပမ်းခြင်းဖြင့် ကျွန်ုပ်တို့နှင့် အကျိုးသက်ဆိုင်သူများ အားလုံး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း တင်ပြလိုပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

သီဟာလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၂၄ခုနှစ်၊ ဇွန်လ (၂၈) ရက်။

Address : No.18/A, Koh Min Koh Chin Road, Bahan Township, Yangon
Phone : +951 552100,552101
Website: www.tmhtelecom.com